# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (1-12-2011) (၆၉၆၀)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်အား ၁၉၅၀ ပြည့်နှစ်၊ မေ ၆ ရက်တွင် မင့်ခ်စ်ပြည်နယ် နက်စ်ဗစ်ခရိုင် နိုဘီစနော့ကျေးရွာ၌ မွေးဖွားခဲ့သည်။

၁၉၆၇ ခုနှစ်တွင် စနော့အထက်တန်းကျောင်းမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဘရက်စ်ပြည်နယ် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးတက္ကသိုလ်နှင့် ၁၉၈၉ ခုနှစ်တွင် မင့်ခ်စ်အထက်တန်းပါတီကျောင်းမှ ဘွဲ့ရရှိခဲ့သည်။

ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်သည် မင့်ခ်စ်ပြည်နယ်ရှိ နိုင်ငံတော်သုတေသနနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် နည်းပညာဆိုင်ရာ အင်ဂျင်နီယာတစ်ဦးအဖြစ် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။



ဘယ်လာရုစ် သမ္မတနိုင်ငံ ဝန် ကြီး ချုပ် ဒေါက် တာ မီခေးလ် ဗွီ မီယာစညီကို ဗစ်ချ်။

၁၉၇၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ စစ်မှုထမ်းခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင်ဆိုဗက်စကီခရိုင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် မင့်ခ်စ်မြို့တော်အုပ်ချုပ်မှုကော်မတီ ဒုတိယအုပ်ချုပ်ရေးမှူး **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးကြီး ပြည့်စုံချောမောအောင်မြင်စွာကျင်းပနိုင်ရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက် အိမ်ရှင်နိုင်ငံအဖြစ် အောင်အောင်မြင်မြင် လက်ခံကျင်းပပေးနိုင်စွမ်းရှိမှုကို ပြသ

နေပြည်တော် နိုဝင်ဘာ ၃၀

**စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။**

စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် လာမည့် ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်များအတွင်း မြန်မာနိုင်ငံ၌ လက်ခံကျင်းပမည့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးကြီးကို ပြည့်စုံချောမောအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများအနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးသည် ၎င်းထိပ်သီးအစည်းအဝေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အပြီးသတ်ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

**မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၁၂ ခုနှစ်တွင် ဘင်း(မ်)စတက် ထိပ်သီးအစည်းအဝေး၊ ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေး စသည်ဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဆောင်ရွက်သွားမည်ဖြစ်ရာ ယခု ထိပ်သီးအစည်းအဝေးသည် အဆိုပါ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်အဖြစ် ခံယူ။**





**စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး ကျင်းပရေး ဗဟိုကော်မတီ နာယက ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီး အစည်းအဝေး ကျင်းပရေး ဗဟိုကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (အပေါ်ပုံနှင့် ဝဲပုံ)

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁-၁၂-၂၀၁၁ [ကြာသပတေးနေ့]။

# လူတိုင်း အလုပ်လုပ်ကြဖို့ လိုပါသည်

နိုင်ငံတစ်နိုင်ငံတွင် ချမ်းသာသည့် လူတန်းစားမှာ အနည်းငယ်သာရှိပြီး ဆင်းရဲသည့်လူတန်းစားမှာ အများစုရှိသည်။ ဆင်းရဲ ချမ်းသာ ကွာဟမှုကြားတွင် လူလတ်တန်းစားသည် အရေးပါသည့်လူတန်းစားအလွှာ ဖြစ်သည်။ လူလတ်တန်းစားသည် ချမ်းသာမှုနှင့် ဆင်းရဲမှုကြားတွင် နိုင်ငံ၏ မျှခြေကို ထိန်းညှိပေးသည်။

နိုင်ငံအတွင်း ဆင်းရဲသော နိုင်ငံသားအများစုအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြသည်။ ဆင်းရဲနွမ်းပါးသူများသည် ကျေးလက်တွင် နေထိုင်သူများသည်။ အချို့မြို့ပေါ် ရပ်ကွက်များတွင်လည်း ဆင်းရဲနွမ်းပါးသူများရှိသည်။

လူအများချမ်းသာရန်အတွက်မူ 'အတ္တာဟိ အတ္တနော နာထော' မိမိကိုယ်သာ မိမိကိုးကွယ်အားထားရာ ဖြစ်သည်ဆိုသကဲ့သို့ မိမိချမ်းသာဖို့အတွက် မိမိဘာသာ ကြိုးစားရမည် ဖြစ်သည်။ သို့သော် ဆင်းရဲမှု၏အခြေခံလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးအတွက် မကြောင့်မကြ စိတ်ချလက်ချရှိစေဖို့ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နေသည်။

နိုင်ငံတော်က ဆောင်ရွက်ပေးခြင်းမှာ ပံ့ပိုးပေးခြင်းသာဖြစ်သည်။ မိမိတို့ကိုယ်တိုင်လည်း ဆင်းရဲမှုပပျောက်အောင် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြဖို့လိုသည်။ လုပ်နိုင်ကိုင်နိုင်အောင်လည်း အခွင့်အလမ်းများစွာရှိသည်။ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် စက်ရုံအလုပ်ရုံများ ဖန်တီးပေးလျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အားပေးလုပ်ဆောင်လျက်ရှိသည်။ များမကြာမီကာလများတွင် ပြည်တွင်း၌ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးလာမည်။ အလုပ်အကိုင်ကောင်းများ ရလာမည်။

ဖော်ဆောင်မှုများအတိုင်း လုပ်ကြမည်ဆိုလျှင် ဆင်းရဲမှုသည် တစ်နှစ်ထက်တစ်နှစ် လျော့ကျလာပြီး ချမ်းသာခြင်းသို့ ရောက်ကြမည်။ ယခုအခါ တစ်နိုင်ငံလုံး၏ ဆင်းရဲမှုသည် ၂၆ ရာခိုင်နှုန်းရှိသည်။ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရန် ရည်မှန်းထားသည်။ တဖြည်းဖြည်း ဆင်းရဲခြင်းကင်း၍ ချမ်းသာခြင်းသို့ရောက်ကြမည်။ ယင်းသည် မျှော်မှန်းချက်သာ ဖြစ်သည်။ လက်တွေ့အလုပ်လုပ်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။ အပြောမဟုတ် အလုပ်နှင့် အားလုံးသက်သေပြကြရမည်။

နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဆောင်ရွက်ပေးလျက်ရှိသလို လူတိုင်းလူတိုင်း အလုပ်လုပ်ကြဖို့လိုသည်။ မြေရှိသည်။ ရေရှိသည်။ အခွင့်အလမ်းရှိသည်။ မည်သည့်နေရာတွင်မဆို လုပ်နိုင်ကိုင်နိုင်သည်။ အလုပ်လုပ်နိုင်သော နိုင်ငံသားတိုင်း အလုပ်လုပ်ကြမှ ဝင်ငွေရမည်။ ဝင်ငွေရမှ စားဝတ်နေရေးချောင်လည်မည်။ ဝင်ငွေကို လွယ်လွယ်မသုံးမိဘဲ စုမိဆောင်းမိလျှင် အဆင့်အတန်းရှိရှိ နေနိုင်၊ စားနိုင်၊ ဝတ်နိုင်မည်။ လူငယ် လူရွယ်များ ပညာကောင်းကောင်း သင်နိုင်မည်။ စာတတ်ပေတတ် ပညာတတ်များ ပေါလာမည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်။ ချမ်းသာသည့်နိုင်ငံ ဖြစ်လာမည်။

သို့ဖြစ်၍ အလုပ်မလုပ်ဘဲ ဆင်းရဲမှု မပျောက်ပါ။ နိုင်ငံတော်ချည်းလည်း အားကိုးနေ၍မရပါ။ လူတိုင်းလူတိုင်း အလုပ်လုပ်ကြဖို့လိုပါသည်။ ဆင်းရဲမှုပပျောက်ဖို့ ရရှိလာမည့်အခွင့်အလမ်းများကို မျက်ခြည်ပြတ်မခံဘဲ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြကာ တိုင်းပြည်နှင့်လူမျိုးချမ်းသာဖို့ အားလုံးအလုပ်လုပ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်သည် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့တ်ကမ်းဘဲလ်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုက်ကယ် ပိုစနာ၊ မြန်မာနိုင်ငံ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ မိုက်ကယ် အီးသာ စတန်နှင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်အား နေပြည်တော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)



## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ရွှေကြာပင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော် အမှတ်(၇) မီးသတ်စခန်းတာဝန်ခံ ဦးမင်းသူနှင့် ဈေးတာဝန်ခံ ဦးသောင်းတို့အဖွဲ့ ပူးပေါင်း၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် ဈေးသူ၊ ဈေးသား စုစုပေါင်း ၅၃ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဆေးဘူး ငြိမ်းသတ်နည်းသရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ။**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၃ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာ့ရှုခင်း
၇:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဇာတ်လမ်းတို
၄:၂၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၆။ ဗွီစီဒီကျော်ကြားတေး
၄:၄၀ ၇။ မွေးမြူသုတ
၄:၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၂)**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၃)
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၃၂)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၆)**



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ဗားကရာလမ်းနေ နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးဇော်ဇော်ထွန်း-ဒေါ်ခင်အေး၊ သား မောင်ဇေယျာဦး၊ သမီး မအိမွန်ဇော် မိသားစုက ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖော်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံစဉ်။** (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၁၄၄ | ၀. ၀၃၂၁၄ |
| တရုတ် (ယွမ်) | ၆. ၃၇၈၅၀ | ၀. ၁၅၆၇၈ |
| အိန္ဒိယ (ရူပီး) | ၅၂. ၂၀၀၀ | ၀. ၀၁၉၁၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၁၀၈ | ၀. ၃၁၄၃၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၃၃၅ | ၀. ၇၇၃၁၉ |
| ဂျပန် (ယန်း) | ၇၈. ၀၁၃၀ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၀. ၆၉ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၅၁၉၈ | ၁. ၃၂၉၈၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၀၀ | ၁. ၅၆၀၀၇ |

*အင်တာနက်။*

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆေးတက္ကသိုလ်(မကွေး)စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆေးတက္ကသိုလ်(မကွေး)စာကြည့်တိုက်သို့ ဆေးပညာဆိုင်ရာ စာအုပ် ၁၀၄ အုပ်ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် အဆိုပါတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်က စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးဌာန(ရုံးချုပ်)ကိုယ်စား တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူးက ဆေးပညာဆိုင်ရာစာအုပ် ၁၀၄ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ အတူစာသင်ဖက် ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် မိတ်ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်/စာသင်ဖက်သူငယ်ချင်းများ မပျက်မကွက် ပါဝင်ဆင်နွှဲကြပါရန်နှင့် စုံစမ်းမေးမြန်း ဆက်သွယ်လိုပါက ဒေါက်တာမောင်ဝင်း ဖုန်း-၀၉-၂၀၀၀၂၁၁၊ ၀၂-၃၉၀၀၇၊ ဒေါက်တာကိုကိုကြီး ဖုန်း-၀၉-၂၀၀၂၈၈၂၊ ဒေါက်တာအောင်ကျော်ဦး ဖုန်း-၀၉-၂၀၀၀၄၉၀၊ ဒေါက်တာရဲလွင် ဖုန်း-၀၉-၂၀၀၄၀၆၀ နှင့် ဒေါက်တာခင်မောင်ကျော် ဖုန်း-၀၉-၅၀၁၈၇၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ World AIDS Day အထိမ်းအမှတ် ဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာမြင့်ရွှေ (လက်ထောက်ညွှန်ကြားရေးမှူး၊ ခုခံကျ/ကာလသားစီမံချက်)က World AIDS Day နှင့် ပတ်သက်၍ လည်းကောင်း၊ ပါမောက္ခ ဒေါက်တာဆွေဆွေဝင်းက Update on HIV/AIDS နှင့် ပတ်သက်၍လည်းကောင်း ဟောပြောကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

General Xu Cai Hou တို့သည် ဆုတောင်းအမှာစကားပြောကြားကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

**ဖျော်ဖြေ**

ညစာသုံးဆောင်နေစဉ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တေးဂီတအဖွဲ့နှင့် PLA အနုပညာအကယ်ဒမီကျောင်းမှ အနုပညာရှင်များက ကျွမ်းဘားနှင့် အကပဒေသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများပေးအပ်၍ ဖျော်ဖြေရေးအဖွဲ့ဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**ကြိုဆို**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့မှ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ဟန်ကျိုးမြို့ Jian Qiao လေဆိပ်သို့ရောက်ရှိကြရာ ချန်ချမ်းပြည်နယ်စစ်ဒေသမှူး Maj. Gen. Fu Yi နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ညပိုင်းတွင် ခေတ္တတည်းခိုမည့် ဟိုတယ်သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Cai Hou တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပေကျင်းမြို့ရှိ နယ်မြေခံတပ်၊ NORINCO ကုမ္ပဏီနှင့် CPMIEC ကုမ္ပဏီတို့ကို လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col Xiong Shao Wei တို့ လိုက်ပါလျက် နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ပေကျင်းမြို့ရှိ နယ်မြေခံ သံချပ်ကာတပ်မသို့ ရောက်ရှိကြသည်။

**ကြိုဆို**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ပေကျင်းစစ်ဒေသကြီးမှ ဒုတိယစစ်ဦးစီးချုပ် Maj. Gen. Chen Jian နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒုတိယစစ်ဦးစီးချုပ် Maj. Gen. Chen Jian နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး တပ်မရှင်းလင်းဆောင်၌ တပ်မမှူး Sr. Col. Su Rong က ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသံချပ်ကာ တပ်ရင်းကြီးအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မော်တော်ယာဉ်များဖြင့် NORINCO ကုမ္ပဏီပြတိုက်သို့ ရောက်ရှိကြရာ NORINCO ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Zhao Gang နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဧည့်ခန်းမရှင်းလင်းဆောင်၌ Mr. Zhao Gang က ကုမ္ပဏီနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တင်ပြကာ ပြခန်းအတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် CPMIEC ကုမ္ပဏီသို့ ရောက်ရှိကြရာ ကုမ္ပဏီအုပ်စုဥက္ကဋ္ဌ Mr. Xu Dazhe နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဧည့်ခန်းမရှင်းလင်းဆောင်၌ Mr. Xu Dazhe က ကုမ္ပဏီနှင့် ပတ်သက်သည့် ကိစ္စရပ်များ ရှင်းလင်းတင်ပြ၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ရှင်းလင်းတင်ပြ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ပေကျင်းမြို့ရှိ နယ်မြေခံ သံချပ်ကာတပ်မရှင်းလင်းဆောင်၌ တပ်မမှူး Sr.Col. Su Rong က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✤ **ဘယ်လာရုစ်သမ္မတနိုင်ငံမှ**

အဖြစ် လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ဘိုင်လိုရုရှားကွန်မြူနစ်ပါတီ၏ မင့်ခ်စ်မြို့တော်ကော်မတီအတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရုံးအုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် စီးပွားရေးဒေါက်တာဘွဲ့ ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ဘယ်လာရုစ်အမျိုးသားသိပ္ပံတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ပရော်ဖက်ဆာဘွဲ့ကို ရရှိခဲ့သည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၎င်းသည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်နှင့် မြေးနှစ်ယောက်ရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

**ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်**

## ၂၀၁၁ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ ၂၈ ရက်တွင် ကမ္ဘောဇအားကစားကွင်း၌ ကျင်းပရာ လွိုင်လင်ခရိုင်အသင်းက လားရှိုးခရိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နိုဝင်ဘာ ၃၀ ရက်တွင် ဗိုလ်လုပွဲအဖြစ် လွိုင်လင်ခရိုင်အသင်းနှင့် ပအိုဝ်းဒေသအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ထိုင်းနိုင်ငံ Department of Export Promotion (DEP) ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် စားသောက်ကုန်လုပ်ငန်း၊ ပိုးလုပ်ငန်း၊ အမှတ်တရလက်ဆောင်ပစ္စည်းလုပ်ငန်းနှင့် ကျန်းမာရေးနှင့် အလှအပဝန်ဆောင်မှုလုပ်ငန်းတို့အား လေ့လာရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းနှင့် အတွင်းရေးမှူး ဒေါ်နှင်းဝေ ဦးဆောင်သောလုပ်ငန်းရှင် ၂၆ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပို့ချ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲအုပ် အောင်လှိုင်စိုးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ခန်းမ၌ အနောက်ပိုင်းခရိုင် မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီမှ ယာဉ်လိုင်းဥက္ကဋ္ဌများ၊ စစ်ဆေးရေးအဖွဲ့များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်**

# အရှေ့တောင်အာရှ မူးယစ်ဈေးကွက်သို့ အာဖရိကနှင့် အီရန် မူးယစ်ဂိုဏ်းများ ဈေးကွက် ချဲ့ထွင်လာ

**ဗန်ကောက် နိုဝင်ဘာ ၃၀**

အရှေ့တောင်အာရှဒေသ၏ မီသာဖက်တမင်း မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းများအတွင်းသို့ အာဖရိကတိုက်နိုင်ငံများနှင့် အီရန်နိုင်ငံတို့မှ နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးဂိုဏ်းများက ဈေးကွက်ချဲ့ထွင်ဝင်ရောက်လျက်ရှိကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်က နိုဝင်ဘာ ၂၉ ရက်တွင် ဖော်ပြသည်။

၁၉၉၀ ခုနှစ်နောက်ပိုင်းကာလများတွင် အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့မှ မူးယစ်ဆေးဝါး သုံးစွဲသူများသည် ဘိန်းဖြူ ဘိန်းနှင့် ဆေးခြောက်ကဲ့သို့သော အပင်ထွက်မူးယစ်ဆေးများအစား အမ်ဖက်တမင်းနှင့် မီသာဖက်တမင်းကဲ့သို့သော အမ်ဖက်တမင်းအမျိုးအစားဝင် စိတ်ကြွရူးသွပ်ဆေးပြားများ (အေတီအက်စ်)များကို အစားထိုးရွေးချယ်အသုံးပြုလာခဲ့ကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စိတ်ကြွဆေးပြားများသည် ခေတ်မီဓာတုပစ္စည်းများနှင့် ကုန်ကြမ်းများရှိပါက မည်သည့်နေရာတွင်မဆို အလွယ်တကူ ထုတ်လုပ်နိုင်သော ဒုစရိုက်စီးပွားရေးလုပ်ငန်းဖြစ်လာကြောင်း သိရသည်။

၂၀၁၀ ခုနှစ်၌ အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသနိုင်ငံများမှ သက်ဆိုင်ရာအာဏာပိုင်များက စိတ်ကြွဆေးပြားထုတ်လုပ်ရေးစက်ရုံ ၄၄၂ ရုံနှင့် ဆေးပြားအရေအတွက် ၁၃၆ သန်းနီးပါးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သော်လည်း တရားမဝင်စိတ်ကြွဆေးပြားထုတ်လုပ်မှုလုပ်ငန်းများ ရှိနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအစီရင်ခံစာ၏အဆိုအရ ကိုကင်းနှင့် ဘိန်းဖြူများအား ရောင်းဝယ်ဖောက်ကားလေ့ရှိခဲ့သော အာဖရိကမူးယစ်ဆေးဝါးဂိုဏ်းများသည် အမ်ဖက်တမင်း အခြေခံစိတ်ကြွဆေးပြား မှောင်ခိုရောင်းဝယ်မှုလုပ်ငန်းအတွင်း ထိုးဖောက်ဝင်ရောက်လာကြောင်း သိရသည်။

ယင်းအပြင် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတွင်းရှိ မူးယစ်ဆေးဝါးများဈေးကွက်သို့ အီရန်မူးယစ်ဂိုဏ်းများသည်လည်း သိသိသာသာ ပါဝင်ပတ်သက်နေကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်။

***ရိုက်တာ။***



**အမ်ဖက်တမင်း အမျိုးအစားဝင် စိတ်ကြွရူးသွပ်ဆေးပြားများ။**

# တရုတ်ရေတပ် ရေငုပ်သင်္ဘောတပ်ဖွဲ့ အင်အားတိုးမြှင့်တည်ဆောက်နေ

**နယူးယောက် နိုဝင်ဘာ ၃၀**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)ရေတပ်သည် ၎င်း၏ရေငုပ်သင်္ဘောတပ်ဖွဲ့အတွက် ၂၀၂၀ ခုနှစ်အရောက်၌ ရေငုပ်သင်္ဘောသစ်အစင်း ၃၀ ထပ်မံဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး ၂၀၃၀ ခုနှစ်တွင် ရေငုပ်သင်္ဘောအစင်း ၁၀၀ အထိ ပိုင်ဆိုင်လာနိုင်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။



**ဖြန့်ကြက်ထား**

တရုတ်ရေတပ်သည် လက်ရှိကာလ၌ ရေငုပ်သင်္ဘော ၆၂ စင်းပိုင်ဆိုင်ထားကြောင်း ဟောင်ကောင်အခြေစိုက် နေ့စဉ်ထုတ် သတင်းစာတစ်စောင်က နိုဝင်ဘာ ၂၉ ရက်တွင် ဖော်ပြထားသည်။ အဆိုပါသတင်းစာ၏ အဆိုအရ လက်ရှိအချိန်တွင် အမေရိကန်ရေတပ်သည် ရေငုပ်သင်္ဘော ၇၅ စင်း ပိုင်ဆိုင်ထားပြီး ယင်းတို့အနက် ၂၆ စင်းကို အာရှ ပစိဖိတ်ဒေသအတွင်း ဖြန့်ကြက်ထားကြောင်း သိရသည်။

သတင်းဌာနများ၏ ခန့်မှန်းချက်အရ အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများ၌ ၂၀၂၀ ခုနှစ်အရောက်တွင် ရေငုပ်သင်္ဘော စုစုပေါင်း ၈၆ စင်းကျော် ပိုင်ဆိုင်လာနိုင်ကြောင်း သိရသည်။

**ကုန်ကျမည်ဖြစ်**

ရေငုပ်သင်္ဘောတည်ဆောက်ရေးကုန်ကျစရိတ်များနှင့် ပတ်သက်၍ တရုတ်အစိုးရက ထုတ်ဖော်ခဲ့ခြင်းမရှိသော်လည်း မကာအိုအခြေစိုက်စစ်ဘက်ဆိုင်ရာလေ့လာသူများ၏ အဆိုအရ ရေငုပ်သင်္ဘောတစ်စင်းလျှင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ မျှ ကုန်ကျမည်ဖြစ်ရာ တရုတ်ရေတပ်၌ ထပ်မံဖြည့်ဆည်းမည့်ရေငုပ်သင်္ဘော အားလုံးအတွက် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ရေတပ်က ၎င်း၏ ရေငုပ်သင်္ဘောတပ်ဖွဲ့အား အင်အားတိုးမြှင့် တည်ဆောက်နေသည်နှင့်အမျှ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်နိုင်ငံများကလည်း အာရှပစိဖိတ်ရေပြင်အတွင်းရှိ ရေငုပ်သင်္ဘောများကို ရှာဖွေထောက်လှမ်းနိုင်မည့် ကိရိယာများအား ငွေကုန်ကြေးကျခံ တည်ဆောက်ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း သိရသည်။

***အင်တာနက်။***

**ရုရှားနိုင်ငံ ကာလင်ဂရက် ဒေသ၌ အခြေစိုက် ထားသော ကြိုတင်သတိပေး ရေဒါစခန်းသစ်ကို ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ် နိုဝင်ဘာ ၂၉ ရက်က ဖွင့်လှစ်ပေးစဉ်။**



# ရုရှားစစ်ဘက် ရေဒါစခန်းသစ် သမ္မတ မက်ဗီဒက်ဗ် ဖွင့်လှစ်ပေး

မော်စကို နိုဝင်ဘာ ၃၀

**ရုရှားစစ်ဘက်၏ ကြိုတင်သတိပေးရေဒါစခန်းသစ်တစ်ခုကို သမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က နိုဝင်ဘာ ၂၉ ရက်တွင် တရားဝင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ရာ အမေရိကန်ပြည်ထောင်စု၏ ဒုံးကျည်ကာကွယ်ရေးစနစ်စီမံချက်များအား ပြန်လည်တုံ့ပြန်ရေးအတွက် ရုရှားနိုင်ငံက အသင့်ဖြစ်သည့် လက္ခဏာဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။**

သို့ရာတွင် ဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်မှုနှင့် ပတ်သက်၍ နှစ်ဖက်သဘောတူညီချက်ရရှိခဲ့ပါက ကာလင်ဂရက်ဒေသ၌ တည်ဆောက်ထားသော အဆိုပါရေဒါစခန်းသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)နှင့် ရုရှားနိုင်ငံတို့၏ ပူးတွဲဒုံးကျည်ကာကွယ်ရေးစနစ်အတွင်း ပေါင်းစည်းပါဝင်လာနိုင်ကြောင်း သမ္မတ မက်ဗီဒက်ဗ်က ပြောကြားခဲ့သည်။

ရုရှားသမ္မတ မက်ဗီဒက်ဗ်သည် ကာလင်ဂရက်ဒေသ ကြိုတင်သတိပေးရေဒါစခန်းသို့ ဒီဇင်ဘာ ၄ ရက် ပါလီမန်ရွေးကောက်ပွဲမတိုင်မီ လာရောက်ခြင်းဖြစ်ရာ ရုရှားနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများအား ကာကွယ်ပေးနိုင်စွမ်းရှိသော ခေါင်းဆောင်တစ်ဦးအဖြစ် ၎င်း၏ပုံရိပ်အား မြှင့်တင်ရန် ရည်ရွယ်ထားပုံရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၏ ဥရောပဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်ရေးစီမံချက်ကို လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် ရုရှားနိုင်ငံက ရှုမြင်ထားသည်။

သို့ရာတွင် ဥရောပ ဒုံးကျည်ကာကွယ်ရေးစနစ်သည် ပေါ်ပေါက်လာနိုင်ဖွယ် အီရန်ဒုံးကျည်များအန္တရာယ်ကို ကာကွယ်ရန်အတွက်သာဖြစ်ပြီး ရုရှားနျူကလီးယားတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်အား ထိပါးနိုင်မည်မဟုတ်ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။

***အင်တာနက်။***



# ဓာတုလက်နက်ဖျက်သိမ်းရေး ညီလာခံ နယ်သာလန်နိုင်ငံ၌ ဖွင့်လှစ်

**သည်ဟိတ် နိုဝင်ဘာ ၃၀**

(၁၆) ကြိမ်မြောက် နိုင်ငံတကာ ဓာတုလက်နက်ဖျက်သိမ်းရေးညီလာခံကို နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာတစ်ဝန်း၌ ဓာတုလက်နက်အသုံးပြုမှု အဆုံးသတ်စေရန် ရည်ရွယ်လျက် အဆိုပါညီလာခံကို ကျင်းပခြင်းဖြစ်သည်။

သည်ဟိတ်မြို့၌ ဓာတုလက်နက်ပိတ်ပင်ရေးအဖွဲ့ ဌာနချုပ်ရုံးတွင် ညီလာခံအစည်းအဝေးကျင်းပမည်ဖြစ်သည်။

ဓာတုလက်နက်အသုံးပြုမှု၊ ဓာတုလက်နက် တီထွင်ထုတ်လုပ်မှု၊ စီးပွားဖြစ်ထုတ်လုပ်မှုနှင့် သိုလှောင်မှုတို့နှင့် ပတ်သက်၍ ဓာတုလက်နက်ပိတ်ပင်ရေးအဖွဲ့က ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ဓာတုလက်နက်ပိတ်ပင်ရေး သဘောတူညီချက်၌ ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် ၂၀၀၇ ခုနှစ် ဧပြီ ၂၉ရက်ထက် နောက်မကျဘဲ ဓာတုလက်နက်သိုလှောင်ထားမှုများကို အဆုံးသတ်ရန် အဆိုပါအဖွဲ့က ဆောင်ရွက်ခဲ့သည်။

***အင်တာနက်။***

# အင်ဒိုနီးရှား ဆီအုန်းလုပ်ငန်းရှင်များ ပတ်ဝန်းကျင်ထိန်းသိမ်းရန် ကတိပြု

**ဂျကာတာ နိုဝင်ဘာ ၃၀**

ဆီအုန်းလုပ်ငန်း လုပ်ကိုင်သူများသည် သဘာဝပတ်ဝန်းကျင် တည်တံ့ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် ဂေဟစနစ်များ မပျက်စီးစေရေးအတွက် ဂရုပြုဆောင်ရွက်သွားကြရန် ကတိကဝတ်ပြုခဲ့ကြကြောင်း အင်ဒိုနီးရှား ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်းက နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမင်တန်ဒေသရှိ ဆီအုန်းစိုက်ခင်းများတည်ရှိရာနေရာတွင် မျိုးသုဉ်းမည့် ဘေးအန္တရာယ်ရှိ အူရန်ဂူတန်လူဝံအများအပြား သတ်ဖြတ်ခံခဲ့ရသည့်ဖြစ်ရပ် မကြာသေးမီက ပေါ်ပေါက်ခဲ့ပြီးနောက် အဆိုပါကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းသို့ အူရန်ဂူတန်လူဝံများ အသတ်ခံခဲ့ရသည့်ဖြစ်ရပ်များနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများ၏ ကန့်ကွက်မှုများ ပေါ်ထွက်ခဲ့သည်။

ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများသည် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသူများမဟုတ်သည်ကို သက်သေပြသင့်ကြောင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဂျက်ဖရီဘာဂိုနီက ပြောကြားသည်။

အူရန်ဂူတန်လူဝံများ သတ်ဖြတ်ခံရသည့်ဖြစ်ရပ်များ ထပ်မံပေါ်ပေါက်ခြင်းမရှိစေရန် ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများ သတိမူကြရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကာလီမင်တန်နှင့် ဘော်နီယိုကျွန်းတို့၌ အူရန်ဂူတန်လူဝံများ သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရန် အင်ဒိုနီးရှားအမျိုးသားရဲတပ်ဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

***ဆင်ဟွာ။***

# ရေနှင့် မြေအရင်းအမြစ် မလုံလောက်မှု စားနပ်ရိက္ခာလုံခြုံရေးအား ခြိမ်းခြောက်နေကြောင်း ကုလပြောကြား

**မီလန် နိုဝင်ဘာ ၃၀**

လူဦးရေတိုးပွားလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် မြေနှင့် ရေအရင်းအမြစ်များ ရှားပါးလာမှုတို့ကြောင့် ကမ္ဘာပေါ်၌ စားနပ်ရိက္ခာပြဿနာများ ဖြစ်ပေါ်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

၂၀၅၀ ခုနှစ်အရောက်၌ တိုးပွားလာမည့် ကမ္ဘာ့လူဦးရေကို စားနပ်ရိက္ခာ လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြေနှင့် ရေအရင်းအမြစ်များ ရှားပါးလာမှုပြဿနာသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်ကြောင်း အက်ဖ်အေအို၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ ဘီလီယံအထိရှိလာမည်ဖြစ်ရာ နှံစားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို တစ်နှစ်လျှင် တန်ချိန် ၁ ဘီလီယံအထိ တိုးမြှင့်ရတော့မည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းထွက်ကုန်များအား တန်ချိန် သန်း ၂၀၀ အပိုဆောင်း ထုတ်လုပ်ရမည်ဖြစ်ကြောင်း အက်ဖ်အေအိုက ခန့်မှန်းထားသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း အရင်းအနှီး၊ လုပ်အားနှင့် နည်းပညာအသုံးပြုစိုက်ပျိုးရေးစနစ်များ ကျင့်သုံးခဲ့မှုကြောင့် စားနပ်ရိက္ခာအခက်အခဲကြုံကြရသော ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာတို့ကို ကူညီနိုင်ခဲ့သော်လည်း အကျိုးဆက်အားဖြင့် ရေနှင့် မြေအရင်းအမြစ်များ အရည်အသွေးကျဆင်းခဲ့ရကြောင်း အက်ဖ်အေအိုက ပြောကြားခဲ့သည်။

လက်ရှိအချိန်၌ ကမ္ဘာ့ရေနှင့် မြေအရင်းအမြစ် လေးပုံတစ်ပုံသည် အရည်အသွေးကျဆင်းမှုနှုန်း မြင့်မားလျက်ရှိပြီး ၈ ရာခိုင်နှုန်းမှာ အရည်အသွေးကျဆင်းမှုနှုန်း အထိုက်အလျောက် ဖြစ်ပေါ်နေကြောင်း အက်ဖ်အေအို အစီရင်ခံစာတွင် ဖော်ပြသည်။



ရေထုလွှာအတွင်း ဆားဓာတ်ပါဝင်မှုများပြားခြင်းနှင့် မြေအောက်ရေ ညစ်ညမ်းမှုကြောင့် ရေအရင်းအမြစ် ရှားပါးမှုပြဿနာမှာ ပိုမိုကြီးမားလာပြီး ရေပြင်နှင့် ရေနှင့် ဆက်စပ်သော ဂေဟဗေဒစနစ်များ အရည်အသွေး ကျဆင်းမှုသည်လည်း မြင့်တက်လာကြောင်း အက်ဖ်အေအို၏ အစီရင်ခံစာအရ သိရသည်။

**အင်တာနက်။**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား UNDP ရုံးမှ ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား နယူးယောက်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ရုံးမှ ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒအဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူး Mr. Douglas Gardner နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး UNDP နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝေးလံမြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေးစီမံကိန်း (CDRT)၊ ဘက်စုံလူထုဖွံ့ဖြိုးရေးအစီအစဉ် (ICDP) ဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်မည့် UNDP ၏ နိုင်ငံဆိုင်ရာအစီအစဉ် (Country Programme) တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(ယာပုံ)** (သတင်းစဉ်)





# ရေနံတွင်းတူးဖော်မှုဆိုင်ရာ နည်းပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် International Association of Drilling Contractors (IADC) တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းဟိုတယ်၌ ရေနံတွင်းတူးဖော်မှုဆိုင်ရာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကို ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်း၌ ရေနံတွင်းတူးလုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီများက ခင်းကျင်းပြသသည့် နည်းပညာနှင့်သတင်းအချက်အလက်များပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ခင်းကျင်းပြသမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းနှင့် နိုင်ငံတကာရေနံကုမ္ပဏီများမှ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အဆိုပါ ရေနံတွင်းတူးဖော်မှုဆိုင်ရာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲကို စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ IADC ၏ ပံ့ပိုးမှုဖြင့် Alpha Resources & Training Co.,Ltd. က ဦးဆောင်စုစည်းကျင်းပခြင်းဖြစ်ပြီး ရေနံတွင်းတူးဖော်ခြင်းနှင့်သက်ဆိုင်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး စသည့် သတင်းအချက်အလက်နှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ဖြန့်ဝေပေးသည့် စာတမ်း ကိုးစောင်ကို ပြည်တွင်း/ပြည်ပ ပညာရှင်များက ဖတ်ကြားတင်ပြသွားမည်ဖြစ်ကာ ပြည်တွင်း၌ ရေနံတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီ ၁၀ ခု၏ နည်းပညာပြခန်းများကိုလည်း ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ရုံးမှ ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒအဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူး Mr. Douglas Gardner နှင့် အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ကျေးလက်ဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက် အသေးစားချေးငွေ (Micro Credit) တိုးမြှင့်ဆောင်ရွက်ရေး အစီအစဉ်များ၊ လာမည့်နှစ်များ၌ အခြေခံလူတန်းစားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ တိုကျိုမြို့ Marubeni Corporation ရုံး၏ဥက္ကဋ္ဌ Mr. Nobuo KATSUMATA နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခြေအနေနှင့် ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များမှ အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရန်ကိစ္စ၊ ပို့ကုန်သွင်းကုန်ဘဏ် (EXIM Bank) တည်ထောင်ရန်ကိစ္စနှင့် စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ တိုကျိုမြို့ Marubeni Corporation ရုံး၏ဥက္ကဋ္ဌ Mr. Nobuo KATSUMATA နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကွန်ကရစ်လမ်းဖွင့်ပွဲများ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့ နံနက်ပိုင်းတွင် လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ အောင်သစ္စာလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ၊ အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက်ရှိ က-၅ လမ်း အောက်ပိုင်း ကွန်ကရစ်လမ်းဖွင့်ပွဲ၊ ဒညင်းကုန်း ရပ်ကွက်ရှိ ရွာပတ်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြောက်ပိုင်းရပ်ကွက်ရှိ အောင်သပြေ လမ်းသွယ် (၂)လမ်း၊ အောင်သပြေ လမ်းသွယ်(၃)လမ်းနှင့် အောင်သပြေ လမ်းသွယ်(၄)လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးပြီး လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင် စက်ရုံသို့ ရောက်ရှိပြီး ပထမအဆင့် ရေပေးဝေရေးစီမံကိန်းမှ ရေစုကန်၊ ရေတွန်းစက်ရုံ၊ ရေသန့်စင်မှုနှင့် ရေပေးဝေမှုလုပ်ငန်းအဆင့်ဆင့်၊ ဒုတိယ အဆင့်ရေပေးဝေရေးစီမံကိန်းမှ ရေစုကန်၊ ရေတွန်းစက်ရုံ တည်ဆောက်မည့် မြေနေရာ၊ အကြိုအနည်ထိုင် (မြေစိုက်ကန်)၊ အနည်စုအဖွဲ့ကန်၊ အနည်ထိုင်ကန်၊ ရေစစ်ကန်များ တည်ဆောက်ပြီးစီးမှုနှင့် အနိမ့်ရေတင်စက် တည်ဆောက်နေမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့် စီမံကိန်း လုပ်ငန်းများသည် ယခုအခါ စီမံကိန်းလုပ်ငန်း တစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းလုပ်ငန်းပြီးစီးပါက ရန်ကုန်မြို့တော်သို့ သောက်သုံးရေ နေ့စဉ်ရေဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ရေသန့်စင် စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# လက်ထိုးရုပ်သေးပြပွဲအခမ်းအနား ဥသျှစ်ပင် အထက၌ ကျင်းပ

**ပြည် နိုဝင်ဘာ ၃၀**

မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့် HIV/AIDS ကာကွယ်ရေးအသိပညာပေး လက်ထိုးရုပ်သေးပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်အထက ရှေ့ပင်ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) နိုင်ငံတကာဆက်ဆံရေး တွဲဖက်အတွင်းရေးမှူး ဦးသာထွန်းက မူးယစ်ဆေးဝါးဆန့်ကျင်ရေး HIV/AIDS ကာကွယ်ရေးအသိပညာပေး ဟောပြောပြီး လက်ထိုးရုပ်သေးပြပွဲများကို တင်ဆက်ပြသကြသည်။**(အောက်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) နိုင်ငံတကာဆက်ဆံရေး တွဲဖက်အတွင်းရေးမှူး ဦးသာထွန်းက ဥသျှစ်ပင်အထကသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာသန်းက လက်ခံရယူသည်။ (၄၉၇)



# ခွဲခြားနှိမ့်ချကင်းစင်ကြပါ

## ဒေါက်တာလွင်ကို

"အမေညွှန့် လာပါခင်ဗျာ၊ စောစောစီးစီးပါလား။ ကျွန်တော် ဘာလုပ်ပေးရမလဲ" "စောစောစီးစီးမို့ ဆရာ့ကို အားနာပါတယ်၊ စိတ်လည်းညစ်၊ တိုင်ပင်စရာရှိလို့ပါ ဆရာ"

"တိုင်ပင်ပါ၊ ပြောပါ၊ တိုင်ပင်တာစောတယ်မရှိပါဘူး"ဟု ကျွန်တော်က လမ်းဖွင့်ပေးလိုက်သည်။"ဒီလိုပါဆရာရယ်၊ မနေ့ညက တူမဝမ်းကွဲရဲ့သား၊ မြေး နှစ်ဝမ်းကွဲပေါ့ အိမ်ရောက်လာတယ်၊ ပိန်ချုံးလို့၊ လာလည်တာပြောတယ် ဆရာရဲ့၊ သို့သော် သတင်းသဲ့သဲ့ကြားရတာက ဒီမြေးမှာ ဆရာတို့ ပြောပြောနေတဲ့ လေးလုံးရောဂါဆိုလားပဲ၊ ကျွန်မအိမ်မှာလည်း သူနဲ့ မတိမ်းမယိမ်းမြေးတွေရှိတော့ ကူးမှာစိုးရိမ်ရတယ်၊ နှင်ရ အခက် ထမင်းတစ်ဝိုင်းစီကျွေးရအခက်၊ အဲ့ဒါစိတ်ရှုပ်လို့ ဆရာ့ကို လာတိုင်ပင်တာပါ"

"နားလည်ပါပြီ အမေညွှန့်၊ ကျွန်တော့်ဆီလွှတ်လိုက်ပါ၊ ကျွန်တော်ဆွေးနွေးပေးပါ့မယ်၊ ပထမဆွေးနွေးပေးချင်တာက အမေညွှန့်ကိုပါ၊ သူ့မှာ ဒီရောဂါရှိနေတောင်မှ ထမင်းတစ်ဝိုင်းတည်း အတူစားလို့ရပါတယ်၊ ရေအိမ်ဘိုထိုင်ကို တစ်လှည့်စီ သုံးလို့ရပါတယ်။"

"သာမန်လက်ဆွဲနှုတ်ဆက်တာ၊ ထိတာ၊ ရေခွက်အတူသောက်တာ၊ ခုံတန်းတစ်ခုတည်းမှာ ဘေးချင်းယှဉ်ထိုင်တာဘာမှ မကူးစက်နိုင်ပါဘူး၊ ကူးစက်စေတဲ့နည်းများ အမေညွှန့်သိပါတယ်၊ သူ့ကိုသာခွဲခြားမဆက်ဆံပါနဲ့ အမေညွှန့်ရဲ့၊ တခြားမြေးတွေလိုပဲ အိမ်မှာနေခွင့်ပေးလိုက်ပါ၊ သူ့ကိုအပြစ်ရှိတဲ့လူ၊ ရွံစရာလူ၊ မသတီစရာလူလို မဆက်ဆံပါနဲ့၊ ရောဂါလည်း ကုလို့မပျောက်နိုင်သေးပေမယ့် (ART)ဆိုတဲ့ ဆေးကို တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ တိုင်ပင်ပြီး မှန်မှန်စားနေရင်၊ မိမိကိုယ်ကိုလည်း ကျန်းမာရေးဗဟုသုတနဲ့ ဂရုစိုက်တတ်မယ်ဆိုရင် သက်တမ်းစေ့ နေနိုင်လောက်ပါတယ်။

"အမေညွှန့်မှာ လူမှုရေးစိတ်ဓာတ် အပြည့်အဝ ရှိတယ်ဆိုတာ ကျွန်တော်ယုံပါတယ်၊ ဟောဒီမှာဖတ်ကြည့် "ရောင်ခြည်ဦး" အိပ်ချ်အိုင်ဗွီပိုးရှိ ရှင်သန်သူများကွန်ရက်နှင့် အားဖြည့်ကူညီထောက်ပံ့ရေးအဖွဲ့(မိတ္တီလာ)မှ ဒီလို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်တဲ့၊ အမေညွှန့်လည်းဝင်ပါလို့ရတယ်။"

"(၁) အဖွဲ့ဝင်များအား နှစ်ပတ်လျှင်တစ်ကြိမ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ရောင်ခြည်ဦး ကွန်ရက်အဆောက်အအုံ၌ စုစည်း၍ အချင်းချင်းမိတ်ဖွဲ့ခြင်း၊ တစ်ဦးနှင့်တစ်ဦး အားပေးကူညီခြင်း၊

(၂) မိမိတို့ခံစားနေရသော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ခြင်း၊

(၃) မိမိတို့နှင့်သက်ဆိုင်သော သတင်းအချက်အလက်များအား အချင်းချင်းအသိပေးဖလှယ်ကြခြင်း၊

(၄) ကျန်းမာရေးပညာပေးခြင်း၊

(၅) အခြားအခွင့်အရေးယူရောဂါပိုးများ ဝင်ရောက်မလာနိုင်စေရန် ကာကွယ်ဆေးများပေးခြင်း၊

(၆) တီဘီရောဂါအပါအဝင် အခြားအခွင့်အရေးယူရောဂါပိုးများ ဝင်ရောက်လာပါက အချိန်မီပြုစုကုသမှုပေးခြင်း၊

(၇) ကိုယ်ခံအားကောင်းစေရန် အားဆေးများတိုက်ကျွေးခြင်း၊

(၈) ယခုအခါ The Union အဖွဲ့မှ ART ဆေးများအား လိုအပ်နေသူများကို သမားတော်ကြီးများမှ စိစစ်ရွေးချယ်၍ ထောက်ပံ့ပေးလျက်ရှိနေပါသည်။ ထိုအစီအစဉ်တွင် လုပ်အားပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ သွေးပုလင်းများ ပို့ဆောင်ပေးခြင်းတို့ကို HIV ပိုးရှိသူများကိုယ်တိုင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ HIV ပိုးရှိသူများ၏ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း၊ ကလေးသူငယ်များအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးခြင်းတို့ကိုလည်း ပြုလုပ်လျက်ရှိပါသည်။

(၉) အာဟာရကျွေးမွေးခြင်း၊

(၁၀) ခရီးစရိတ်ထောက်ပံ့ခြင်း၊

(၁၁) စိတ်ဓာတ်မကျစေရန် အားပေးကူညီမှုပေးခြင်း၊

(၁၂) စိတ်တည်ငြိမ်မှုရစေရန်နှင့် ကိုယ်ခံအားတက်လာစေရန်အတွက် တရားထိုင်တတ်စေရန် ရဟန်းသံဃာတော်များမှ နည်းလမ်းပြသပေးခြင်းနှင့် မိမိကိုယ်တိုင် တရားထိုင်စေခြင်း၊

(၁၃) ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဝန်ထုပ်ဝန်ပိုးများကို လျော့နည်းသက်သာမှုရရှိစေရန်နှင့် စားဝတ်နေရေးအခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊

(၁၄) ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသရန်လိုအပ်ပါက သက်ဆိုင်ရာ သမားတော်ကြီးများနှင့် ဆရာဝန်များမှ ကူညီပံ့ပိုးပေးခြင်း၊

(၁၅) မိမိတို့ သားသမီးများနှင့် ဝေဒနာရှင်ကလေးငယ်များ ပညာဆက်လက်သင်ကြားရာတွင် အခက်အခဲရှိပါက ကူညီဆောင်ရွက်ပေးခြင်း၊

(၁၆) အခြားလူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်လုပ်သားပြည်သူများ လူမှုရေးကူညီထောက်ပံ့လိုသူပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျွမ်းကျင်မှုအကူအညီနှင့် ရန်ပုံငွေရရှိအောင် စီစဉ်ဆောင်ရွက်ပေးခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် အိပ်ချ်အိုင်ဗွီပိုးကူးစက်နေရပြီး အကူအညီ လိုအပ်လျက်ရှိနေသူများနှင့် ထိုသူများကို စာနာသနားကြသော စေတနာရှင်လုပ်သားပြည်သူများအနေဖြင့် အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြပါသည်။ ၀၆၄-၂၃၂၄၆၊ ၀၉-၅၀၂၈၄၀၄၊၀၆၄-၂၅၁၈၂၊၀၉-၂၂၀၀၄၇၂၊၀၆၄-၂၄၃၄၅၊၀၉-၂၂၀၀၉၀၃၊ ၀၆၄-၃၅၀၃၃၊၀၉-၂၀၆၂၉၄၆ နှင့် ကွန်ရက်အဖွဲ့ဝင်များ"

"ဟော- ဦးလေးချောတို့ ဦးလေးချစ်တို့ပါလား၊ လာပါခင်ဗျာ"

အမေညွှန့်သည် ကျွန်တော်ဖတ်ပြနေသော စာရွက်လေးကို ကျွန်တော့်လက်မှ ခပ်မြန်မြန်ဆွဲ၍ ခေါက်သိမ်းထားလိုက်ပါသည်။

"ဆရာရေ၊ ကျွန်တော် တလောက မော်လမြိုင်သွားတဲ့အကြောင်း ဆရာ့ပြောဖူးပါတယ်၊ တူတော်မောင် တစ်ယောက်လေးလုံးရောဂါစွဲလို့ မသေနိုင် မပျောက်နိုင်ခံစားနေရတာလေ၊ ခုတော့ ဝဋ်ကျွတ်သွားပြီပေါ့ဗျာ၊ ဖုန်းသတင်းလာပါတယ်"ဟု ဦးလေးချောက ပြောပါသည်။

"အေးပေါ့ဗျာ ကိုယ့်ဘာသာကို မဆင်ခြင်လို့ဖြစ်ကြတာ၊ ကိုယ်နဲ့မဆိုင်ဘူးလို့ သဘောထားလိုက်ပါ ဦးဘချောရာ" ဟု ဦးလေးတင်အေးက နှစ်သိမ့်ပါသည်။

"ဦးလေးတင်အေးခင်ဗျာ တောင်းပန်ပါတယ်၊ ကိုယ်နဲ့မဆိုင်ဘူးလို့ သဘောထားလိုက်ပါဆိုတာလေးကို ကျွန်တော့်အမြင်နဲ့ ပုံပြင်လေးတစ်ခုပြောပြီးကန့်ကွက်ပါရစေ။

"ပုံပြင်ကတော့ ရွာတစ်ရွာက အိမ်တစ်အိမ်မှာ ကြွက်တွေများလို့ဆိုပြီး အိမ်ရှင်ကကြွက်ဖမ်းသံညှပ်ဝယ်လာပြီး ကြွက်ထောင်ထားတယ်ဆိုပါတော့၊ အဲဒီတော့ မောင်ဖိုးကြွက်ကကိုကြက်ဖရေ သတိထားဗျ၊ ကြွက်ထောင်ချောက် ဆင်ထားတယ်"၊ "အေးလေကွာ ငါနဲ့ဘာဆိုင်လဲ၊ မင်းတို့သောင်းကျန်းလို့အိမ်ပေါ်မှာထားတာ ဒို့ကအနေသာကြီးတဲ့၊ မောင်ဖိုးကြွက်က သိပ်စိတ်တိုင်းမကျလို့ ကိုဝက်ကြီးနဲ့ တင်းကုပ်ထဲမှာရှိတဲ့ ကိုနွားကြီးကို သွားပြောပြန်တယ်၊ အဲဒီတော့လည်း မောင်ရင်သာ ဂရုစိုက်ပါကွာ၊ ဒို့ကကိုယ့်နေရာမှာနေကြတာ၊ အနေသာကြီးပါတဲ့" မောင်ဖိုးကြွက်လည်း သတိနဲ့နေရတာပေါ့၊ တစ်ညမှာ ကြွက်ထောင်ချောက် မောင်းသံကြားလို့ အိမ်ရှင်အဘွားကြီးက သွားကြည့်တယ်၊ ရွာဆိုတော့ လျှပ်စစ်မီးခလုတ်မရှိဘူးပေါ့။ အနားရောက်မှ မီးခွက်ထွန်းရာက အမြီးတစ်ပိုင်း ထောင်ချောက်မိနေတဲ့ လင်းမြွေဟောက်စပ်ကြားက ပေါက်လိုက်တာ မျက်စိကို ပြာသွားတာပေါ့၊ ဒီလိုနဲ့မြွေကိုက်ခံရတာ၊ ပေါ့ဆပြီး အိပ်ရာထဲမှာ ၃-၄ ရက်ဆေးမြီးတိုနဲ့ ကုဆိုပါတော့၊ နောက်မှ မြို့ဆေးရုံသွား၊ ဆေးရုံတက်။ အားရှိအောင်ကြက်စွပ်ပြုတ်တိုက်ဖို့ လိုလာတော့ ကိုကြက်ဖအလှည့်ပေါ့၊ ဆေးရုံပေါ်မှာ ၁၀ ရက်လောက် ဆေးကုလိုက်တဲ့စရိတ်က ကိုနွားကြီး သူများလက်ထဲပါသွားတယ်၊ ဒါပေမယ့် အသက်ကိုမကယ်လိုက်နိုင်ပါဘူး၊ အိမ်ပြန်သယ်လာရတာပေါ့။ ရက်လည်ဆွမ်းသွတ်တော့ ကိုဝက်ကြီး အလှည့်ပေါ့၊ ပိဿာအစိတ်လောက်ရမှာပေါ့၊ ဧည့်ခံလိုက်ရတာ။ မောင်ဖိုးကြွက်တစ်ယောက်တည်း အိမ်မှာ ကျန်တော့ ဝမ်းနည်းစွာနဲ့ သူ့မိတ်ဆွေများပြောတဲ့စကားကို ကြားယောင်နေပါတယ်၊ "မောင်ရင်သာဂရုစိုက်ပါကွာ၊ ဒို့က ကိုယ့်နေရာမှာနေကြတာ အနေသာကြီးပါ" ဆိုတဲ့စကားကိုပါ ခင်ဗျာ၊ ဒီတော့ ရောဂါတစ်ခုဖြစ်ပြီဆိုရင် ကျွန်တော်တို့ဟာ "ကိုယ့်ပတ်ဝန်းကျင်" ဆိုတာရှိနေတော့ မနေသာပါဘူးခင်ဗျာ၊ ဝိုင်းဝန်းကူညီဖြေရှင်း၊ မဖြစ်သင့်တာ မဖြစ်အောင်လည်း တားဆီးကာကွယ်တာတွေကို စုပေါင်းလုပ်ကြရအောင်ခင်ဗျာ"

"အင်း၊ ဆရာပြောတာ ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် ပြောတာ ပြန်လည်ရုပ်သိမ်းပါတယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒီနှစ် ကမ္ဘာ့ခုခံအားကျဆင်းရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကလည်း-

"ခွဲခြားနှိမ့်ချကင်းစင်လို့ AIDS ပပျောက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်ကြစို့"တဲ့ခင်ဗျာ အင်္ဂလိပ်လိုတော့-

"Getting to Zero."
Zero new HIV infection,
Zero new discrimination and
Zero AIDS related death.လို့ဆိုပါတယ်။

နောက်ပြီး ကျွန်တော်တို့ဆရာမကြီး ပါမောက္ခ(ငြိမ်း) ဒေါက်တာဒေါ်မြင့်မြင့်ခင်ကလည်း John Donne ရေးထားတဲ့ "No Man is an Island"ဆိုတာလေးကို "လူတိုင်းအတွက် ထိုးတဲ့ခေါင်းလောင်း"ဆိုတဲ့စာအုပ်ထဲမှာ ဖော်ပြထားပါတယ်။

"No man is an island entire of itself
A bit of the continent a part of the main,
Any man's death diminishes me,
Because I am involved in mankind,
So never send to know, for whom the bell tolls,
It tolls for thee".

"ဘယ်သူတစ်ယောက်မှ ကျွန်းကလေးလိုထီးတည်းနေလို့ မရဘူး၊
တိုက်ကြီးရဲ့တစ်ဖွဲ့၊ ပြည်မကြီးရဲ့တစ်ပိုင်းပဲ၊
လူတစ်ယောက်ရဲ့သေခြင်းဟာ ငါ့ကိုလည်းထိစေတယ်၊
ငါဟာလည်း လူသားထဲကလူမို့ အားလုံးနဲ့ပတ်သက်နေတာပဲ၊
ဒီတော့ လူသေလို့ ခေါင်းလောင်းထိုးရင်
ဘယ်သူ့အတွက် ထိုးတာလဲလို့ မမေးနဲ့၊
သင့်အတွက်ထိုးတာပဲလို့သာမှတ်"တဲ့။

"လူသေလို့ ခေါင်းလောင်းထိုးရင်" အစား "လမ်းပေါ်မှ ကြေးစည်သံကြားရင်"ဆို မကောင်းဘူးလားဆရာ။"

"ကောင်းပါတယ်ခင်ဗျာ၊ AIDS ရောဂါနဲ့ ဆက်နွယ်ပြီး ခေါင်းလောင်းထိုးသံရော၊ ကြေးစည်ရိုက်သံပါ မကြားရအောင် ကျွန်တော်တို့ စုပေါင်းကြိုးစားရင် ရနိုင်တယ်ဆိုတာလေးကိုတော့ အသိပေးပါရစေ"။ ။






## လာရောက်တွေ့ဆုံ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား German Asia-Pacific Business Association (OAV) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Todt Trade Finance Company ဦးဆောင်ညွှန်ကြားရေးမှူး Dr. Hans Jorg Todt နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၃၀

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ရုံးမှ ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒအဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူး Mr. Douglas Gardner နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် UNDP အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ UNDP ၏ ၂၀၁၃- ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်မည့် အစီအမံများဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး ဥပဒေနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန် ဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား German Asia - Pacific Business Association (OAV) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Todt Trade Finance Company ဦးဆောင်ညွှန်ကြားရေးမှူး Dr. Hans Jorg Todt နှင့်အဖွဲ့သည် လာရောက်တွေ့ဆုံပြီး နိုင်ငံအတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် တိုးတက်ပြောင်းလဲဆောင်ရွက်ချက်များ၊ ငွေရေးကြေးရေး ကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ဖြည့်စွက်ချက်များ၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အထက(၁)လသာ (စင်ထရယ်) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

အထက(၁)လသာ၏ (၁၉၈၆-၂၀၁၁) အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမကြီးများနှင့်လသာ(၁) လုပ်သက် (၂၀)အထက် လက်ရှိဆရာ၊ ဆရာမများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အထက(၁)လသာ အောင်တံခွန်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(ကြေးမုံ)

# ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း တတိယအကြိမ်မြောက် သက်ကြီးဆရာပူဇော်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင် တည်ထောင်ခဲ့သည်မှစ၍ ယနေ့အထိ အစဉ်အဆက် တာဝန်ယူ ပညာသင်ကြားပို့ချခဲ့ကြပြီး အသက်(၆၀)ပြည့်နှင့်အထက် အငြိမ်းစား သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား တပည့် ကျောင်းသား၊ ကျောင်းသူများက တတိယအကြိမ် သက်ကြီးဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သဖြင့် ဆရာကြီး၊ ဆရာမကြီးများ ကန်တော့ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

သက်ကြီးဆရာပူဇော်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးအောင်စန်း ဖုန်း-၀၉-၄၇၀၇၉၂၄၂၊ ဦးနေလင်း ဖုန်း-၀၇၁-၃၅၀၁၈ နှင့် ဦးကြည်ဆွေ ဖုန်း-၀၇၁-၃၅၁၇၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှ**

အတည်ပြုချိန် - ၁း၅၅

# နည်းပညာဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် စက်ရုံများတည်ထောင်ခြင်းဖြင့် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် အခြေခံကောင်းများ တိုးတက်ကောင်းမွန်အောင် တည်ဆောက်လာခဲ့ပြီး ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များကို မမေ့ရန် လိုကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် စက်ရုံများတည်ထောင်ရခြင်းဖြစ်ကြောင်း၊ စက်ရုံများ တည်ထောင်ခြင်းဖြင့် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံမှူးများအနေဖြင့် တိုးတက်ချင်သည့် စိတ်ဆန္ဒပြင်းပြစွာဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်း၊ ဌာန၊ စက်ရုံများအလိုက် တာဝန်ကျေပွန်ရန် လိုကြောင်း၊ အထက်ကခိုင်းမှ လုပ်တာမျိုးမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သည်များကို အကြံပြုတင်ပြပြီး လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်းဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယမန်နေ့နံနက် ၈ နာရီခွဲတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားခဲ့သည်။



**အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။**
(သတင်းစဉ်)

**ခေတ်နှင့်အညီ**

ဆက်လက်၍ ပြောကြားရာတွင် စက်ရုံများအလိုက် အရှုံးမပေါ်စေရေး အမြဲစဉ်းစားတွေးခေါ် လုပ်ကိုင်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အဓိပ္ပာယ်ရှိသည့် ဝန်ကြီးဌာနဖြစ်ရန်လိုကြောင်း၊ ထို့အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ သို့ဖြစ်၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲနေသည့် အခြေအနေများကို နားလည်သဘောပေါက်ရန် လိုကြောင်း၊ ဆန်းသစ်သည့် အတွေးအခေါ်များရှိရန်လိုကြောင်း၊ ဈေးကွက်ကို အလေးအနက်ထား မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ရှင်သန်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စက်ရုံမှူးများအနေဖြင့် စက်ရုံပတ်ဝန်းကျင်တွင် Corporate Social Responsibility ကို ဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံမှူးများ၏ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုကို ပြသနိုင်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျစ်ကျစ်လျစ်လျစ်ဖြစ်ရုံသာမက သွက်သွက်လက်လက်လည်း ဖြစ်နေရန်လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်အား German Asia-Pacific Business Association (OAV) ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်အား German Asia- Pacific Business Association (OAV) ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလေကြောင်းနှင့် ရေကြောင်းဆိုင်ရာကဏ္ဍများ၊ အနာဂတ်ကာလတွင် နိုင်ငံတော်၏လေကြောင်း၊ ရေကြောင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းဆိုင်ရာများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်အား German Asia- Pacific Business Association (OAV) ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)





**တွေ့ဆုံမှာကြား**

**ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ အမှတ်(၉) ရပ်ကွက်ရှိ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။**
(သတင်းစဉ်)

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့ အမှတ်(၉)ရပ်ကွက်နေ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အခြေခံပညာမူလတန်းကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

**ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၉)ရပ်ကွက်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ပင်လုံဆောင်ခန်းမ၌ အမှတ်(၉)ရပ်ကွက်ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။**

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဦးအောင်တင်မြင့်က ၂၀၁၁-၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေးလုပ်ငန်းစီမံချက်အတွက် မတည်လှူဒါန်းငွေကျပ် တစ်သိန်း၊ ဒေါက်လုပ်ငန်းရှင်များက အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း၊ ယုဇနကုမ္ပဏီမန်နေဂျာ ဒေါ်စုစုကြည်က အမှတ်(၃၄)အခြေခံပညာမူလတန်းကျောင်း ပညာရေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း၊ ဦးသိန်းဇော်က အမှတ်(၃၅)အခြေခံပညာမူလတန်းကျောင်း ပညာရေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း၊ ဦးကြည်ဝင်းက အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်း ပညာရေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ရပ်မိရပ်ဖ ဦးစံမြင့်က ဘိုကုန်းရဲစခန်းထောင့်နှင့် စိန်ကုန်းဇက်ဆိပ် ကွန်ကရစ်လမ်းခင်းရန်အတွက် ငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော ပုသိမ်မြို့ကို မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပုသိမ်မြို့တွင်းလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် ပညာရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီး၏ အဓိကထွက်ကုန်ဖြစ်သော ဆန်ကို ပုသိမ်ဆိပ်ကမ်းမှ ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စိန်ကုန်းဇက်ဆိပ်၊ အမှတ်(၃၄)အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၇။ | အကပဒေသာ |
| ၈း၂၀ | ၈။ | "လှေကားသုံးထစ်ဆင်းတဲ့အခါ" |
| ၈း၃၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၅ | ၃။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၄း၃၅ | ၄။ | အဆိုပြိုင်ပွဲ |
| ၄း၄၅ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သမိုင်းအထူးပြု)(ပထဝီဝင်) |
| ၅း၀၀ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၇။ | အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းမိုးပွင့် အဆင့်(၁) စီမံချက်အပေါ် သုံးသပ်ဆွေးနွေးခြင်း |
| ၅း၃၀ | ၈။ | သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင် |
| ၅း၃၅ | ၉။ | ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့တေးများ |
| ၅း၄၅ | ၁၀။ | ကမ္ဘာ့ခုခံအားကျဆင်းမှု. . . ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | **ပျော်ရွှင်စေသောနေ့ရက်များ "မျဉ်း"(အပိုင်း-၃)** |
| ၆း၃၅ | ၁၄။ | ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း |
| ၇း၀၀ | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၁၀)** |
| ၈း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | အစာလည်းဆေး၊ ဆေးလည်းအစာ |
| | ၂၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၂၂)** |
| | ၂၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၁၂)** |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

အတည်ပြုချိန် - ၁း၅၅



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

※ စတုတ္ထအကြိမ်မှ

ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ လုံခြုံရေးနှင့် ယာဉ်တန်းများ အဆင်ပြေရေး၊ ဖျော်ဖြေရေးကိစ္စရပ်များ အပါအဝင် လုပ်ငန်းအားလုံး၌ အဆင်ပြေဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ဘက်ပေါင်းစုံမှ ကြိုတင်မြော်တွေး ပြင်ဆင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၁၂ ခုနှစ်တွင် ဘင်း(မ်)စတက် ထိပ်သီးအစည်းအဝေး၊ ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံ ထိပ်သီးအစည်းအဝေး စသည်ဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဆောင်ရွက်သွားမည်ဖြစ်ရာ ယခုထိပ်သီးအစည်းအဝေးသည် အဆိုပါအစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်အဖြစ် ခံယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိမ်ရှင်နိုင်ငံအဖြစ် အောင်အောင်မြင်မြင် ချောချောမွေ့မွေ့နှင့် လက်ခံကျင်းပဆောင်ရွက်ပေးနိုင်စွမ်းရှိမှုကို ယခုကပင် ပြသကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်တို့က ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အစည်းအဝေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထိပ်သီးအစည်းအဝေးကျင်းပရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုရေး၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ အခမ်းအနားပြင်ဆင်ရေး၊ လုံခြုံရေး၊ သံတမန်ရေး၊ ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ ဖျော်ဖြေရေး၊ ရုံးလုပ်ငန်းနှင့် မှတ်တမ်းတင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ထိပ်သီးအစည်းအဝေး ကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏မြို့တော် နေပြည်တော်၌ ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ ဂျီအမ်အက်စ်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ဂျီအမ်အက်စ်ဝန်ကြီးများ၊ အခြားဝန်ကြီးများ၊ ဂျီအမ်အက်စ်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဂျီအမ်အက်စ် စီးပွားရေးဖိုရမ်မှ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်သည်။

အစည်းအဝေးတွင် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ထိပ်သီးအစည်းအဝေးကျင်းပခြင်း၊ ဂျီအမ်အက်စ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကွန်ဖရင့်၊ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားများ၊ ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခြင်း အစီအစဉ်များပါဝင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ရမည်းသင်းမြို့နယ်၌ နေကြာအထွက်တိုးရေးသိပ္ပံနည်းကျစိုက်နည်းစနစ်ကို တောင်သူများအား လက်တွေ့ကွင်းဆင်းပြသ

ရမည်းသင်း နို၀င်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် နေကြာစိုက်တောင်သူများအား သိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြု၍ ကျင်းစေ့၊ အပင်စေ့ရရှိရန်အတွက် စိုက်စနစ်မှန် စိုက်ပျိုးမှုလက်တွေ့စိုက်ပျိုး ပြသခြင်းအခမ်းအနားကို နို၀င်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ဆည်ကြီးကျေးရွာ ကွင်းအမှတ်(၁၁၆၃) ဦးပိုင်(၁) နေကြာစံပြတောင်သူ ဦးဇော်မင်းထွန်း၏ နေကြာစိုက်ဧက ၉ ဧက၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါ လက်တွေ့ကွင်းပြပွဲတွင် နေကြာမျိုးစေ့ထုတ်လုပ်ရန်အတွက် မိဘလိုင်းများ စနစ်တကျ စိုက်ပျိုးထားရှိမှု၊ ရေပေးသွင်းထားရှိမှု၊ ယူရီးယားမြေဩဇာများ ကျွေးပြီး နေကြာပင်များ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် စိုက်ခင်းများ ပေါင်းမြက်ကင်းစင်အောင် စနစ်တကျ ဆောင်ရွက်ထားရှိမှုများအား တက်ရောက်လာသောတောင်သူများ မျက်မြင်လေ့လာတွေ့ရှိပြီး နည်းပညာပြန့်ပွားစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆည်ကြီးအုပ်စု ကွင်းအမှတ်(၁၁၆၃)ရှိ တောင်သူများ၏ တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးပြီး နေကြာခင်းများအား တစ်ဧက တင်း ၅၀ မှ ၆၀ အထိ ထွက်ရှိရန် ဆက်လက်ဆောင်ရွက်သွားရမည့် အပင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကို လက်တွေ့ရှင်းလင်းပြသပြီး တက်ရောက်လာသော တောင်သူများ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် အပြန်အလှန် နည်းပညာများဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပညာပေးကွင်းပြပွဲကို အထက်မြန်မာပြည် ဆီထွက်စီမံကိန်းမှ ဒုတိယစီမံကိန်းဒါရိုက်တာ ဦးကျော်စိုး ဦးစီး၍ စီမံကိန်းတိုင်းတာဝန်ခံ၊ တွဲဖက်တာဝန်ခံနှင့် ရမည်းသင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ ပူးပေါင်းပါဝင် လက်တွေ့ပြသကြကြောင်းသိရသည်။ (ဖြိုးစန္ဒာ)





### အမှာစကားပြောကြား

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အလားတူ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပုဂံရှိ ဧရာဟိုတယ်၌ ကျင်းပရာ ကော်မတီဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

၎င်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဌာနအလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အဖွဲ့အစည်း၏ ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နို၀င်ဘာ ၃၀

**(၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အဖွဲ့အစည်း၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဆိုင်ရာ ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေးကို နို၀င်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ပုဂံနန်းမြင့်မျှော်စင်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ထို့နောက် Asia Development Bank (ADB) မှ Mr.Cralg Steff-ensen က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဗီယက်နမ်နိုင်ငံမှ Dr. Tran Van Ngoi က မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဖွဲ့၏ ဗီယက်နမ်နိုင်ငံ၌ ဆောင်ရွက်နေသောလုပ်ငန်းများ၏ တိုးတက်မှုအစီရင်ခံစာကို တင်ပြဆွေးနွေးသည်။

ယင်းနောက် လာအိုနိုင်ငံ လာအိုအမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Sounh Manivong က ဆွေးနွေးတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ခရီးသွားလုပ်ငန်း ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဆိုင်ရာ ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇွန်လ၌ ထိုင်းနိုင်ငံ ချင်းရိုင်မြို့တွင် ထပ်မံကျင်းပရန် အတည်ပြုဆုံးဖြတ်ကြသည်။

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ



**မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် သမဝါယမအသင်းစုမှ ဆောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အသေးစားချေးငွေများ ထုတ်ချေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၁ ရက်က အဆိုပါအသင်းစုရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ခင်လှက ကျေးရွာသမဝါယမအသင်း ၁၅ သင်းမှ အသင်းသားများအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်အသေးစားချေးငွေများကို တာဝန်ရှိသူတစ်ဦးအား ပေးအပ်စဉ်။** (မြို့နယ်သမဝါယမ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ကုသိုလ်စုံမှ နိဗ္ဗာန်ရ" တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇောသာရ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၇)**
၈း၅၀ Alex Birthday Show (Part-3)
၉း၄၀ Intellectual Talk
၁၀း၃၅ ပထမအကြိမ်စုပေါင်း မဟာဘုံကထိန် (တနင်္သာရီတိုင်းဒေသကြီး)
၁၀း၄၅ Activities In The City
၁၁း၀၀ ကညွတ်ကွင်းရဲ့ မင်္ဂလာရှိသောနေ့တစ်နေ့
၁၁း၁၅ အရိုးကျန်းမာရေးဟောပြောပွဲနှင့် ကျန်းမာရေးအခမဲ့စစ်ဆေးပေးခြင်း
၁၁း၃၅ ဖိတ်ခေါ်ချင်သည် ရွှေရတု ဘိုးဘွားရိပ်သာပျော်ပွဲရွှင်ပွဲဆီ
၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၆)**
၁၂း၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၂း၂၅ မီးရထားစက်ရုံမြစ်ငယ်ရဲ့ ထူးခြားတဲ့ကထိန်အလှူတော်
၁၂း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
၁း၀၀ "ကုသိုလ်စုံမှ နိဗ္ဗာန်ရ" တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇောသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ကွမ်းမန်းဆရာတော်ဘုရားကြီးအား သိက္ခာထပ်အလှူတော် မင်္ဂလာနှင့် ဓမ္မပါလယောဂီ (၄)ထပ်ဆောင်ရေစက်ချ အလှူတော်မင်္ဂလာ
၂း၄၀ Quiz Idol
၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၂)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၇)**
၄း၅၅ Activities In The City
၅း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၆)**
၅း၄၅ ဝက်ခြံနှင့်အသားအရေထိန်းသိမ်းခြင်းဆိုင်ရာဆွေးနွေးခန်း (အသက် '၃၀' ကျော်သိမှတ်ဖွယ်)
၆း၀၀ MRTV-4 သတင်း
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၃)**
၇း၁၀ Alex Birthday Show (Part-4)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၈)**
၁၀း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၇)**
၁၁း၁၅ Style ရှိမှ Star ဖြစ်မယ်
၁၂း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
၁း၀၅ အနုပညာမိုးကောင်းကင်
၁း၂၅ အားကစားမြင်ကွင်းစုံ
၁း၄၅ HIV AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး(အပိုင်း-၁) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
၂း၁၅ လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၂း၃၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၂း၅၀ သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (စိမ်းချိုသရက်သီး)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ မြတ်ပန်းပွင့်၏မြတ်နိုးဖွယ်ရာ
၄း၁၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၄း၃၀ ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၄း၄၀ ကြည်နူးမှန်းမျှော် မြတ်ရှင်မော်. . .
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ပြည်ရွှေဆံတော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၃၀**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ပြည်မြို့ ရွှေမောင်းတုန်းကျောင်းဆရာတော် ဦးဉာဏဇေနှင့် နိုင်ငံတော် ဩဝါဒါစရိယ ဇောတိကာရုံကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍသလတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်း သပိတ်နှင့် သင်္ကန်းတို့အား ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်ရွှေဆံတော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ဘုရားဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဂေါပကရုံး၌ ဂေါပကအဖွဲ့များထံ အလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂၈ ရက်တွင် ပြည်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၌ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းမှ ပြည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ကြီးချမ်းသာမဟာစေတီ ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီ (မြို့ဦးစေတီ) ရွှေသင်္ကန်းကပ်လှူရန်(ပထမအကြိမ်) အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော်ရှိ သန္တိသုခမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းနှင့် စေတနာရှင် အလှူရှင်များက အလှူငွေကျပ် ၁၆၁ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၇)ရပ်ကွက်ရှိ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်၏ ရွှေပင်လုံခရစ်ကက်အားကစားကွင်း၌ အဝတ်လဲခန်းနှင့် သန့်စင်ခန်း တည်ဆောက်ပြီးစီးမှု၊ ဗဟိုကစားကွက်နှင့် မြက်ခင်းဧရိယာ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



အဆိုပါခရစ်ကက်အားကစားကွင်းသည် အာရှခရစ်ကက်ကောင်စီနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းဆောက်လုပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေထံ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီ (မြို့ဦးစေတီ) ရွှေသင်္ကန်း ကပ်လှူရန်အတွက် စေတနာအလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

## အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲ ထားဝယ်မြို့၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဦးဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်လင်းက အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က ထားဝယ်ခရိုင် တိုင်းရင်းဆေးမှူးနှင့် ထားဝယ်မြို့နယ် ဇလွန်းနှင့် ရှင်မုတ္တီးရွာမှ ကိုယ်စားလှယ်များထံသို့ လည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးဝင်းဆွေက မြိတ်ခရိုင်တိုင်းရင်းဆေးမှူး၊ မြိတ်မြို့နယ် တိုင်းရင်းဆေးမှူးနှင့် အင်္ဂမော်ကျေးရွာမှ ကိုယ်စားလှယ် တစ်ဦးထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးသန်းအောင်က သရက်ချောင်းမြို့နယ် တိုင်းရင်းဆေးမှူးနှင့် ညောင်ဇင်ကျေးရွာမှ ကိုယ်စားလှယ် တစ်ဦးထံသို့ လည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်က လောင်းလုံမြို့နယ် တိုင်းရင်းဆေးမှူးနှင့် မောင်းမကန်ကျေးရွာမှ ကိုယ်စားလှယ်တစ်ဦးထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက ပုလောမြို့နယ် တိုင်းရင်းဆေးမှူးနှင့် ပလကျေးရွာမှ ကိုယ်စားလှယ်တစ်ဦးထံသို့ လည်းကောင်း၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာဝင်းအောင်က တနင်္သာရီမြို့နယ် တိုင်းရင်းဆေးမှူးနှင့် ညောင်ပင်ကွင်းကျေးရွာမှ ကိုယ်စားလှယ် တစ်ဦးထံသို့လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်လင်းက ကော့သောင်းမြို့နယ် တိုင်းရင်းဆေးမှူးနှင့် မလိဝမ်းကျေးရွာမှ ကိုယ်စားလှယ်တစ်ဦးထံသို့ လည်းကောင်း အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများကို ဖြန့်ဝေပေးအပ်ကြသည်။

အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၅၀၀ သို့ ဂျပန်နိုင်ငံရှိ လူမှုရေးအသင်းအဖွဲ့ တစ်ခုဖြစ်သော Nippon Foundation အကူအညီဖြင့် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မိုးလေဝသအခြေအနေ(၃၀-၁၁-၂၀၁၁)

| ထူးခြားသည့် ညအပူချိန်များ | နောက်နှစ်ရက်အတွက် ခန့်မှန်းချက် |
| --- | --- |
| ပင်လောင်း ၃ ဒီဂရီစင်တီဂရိတ်<br>ဟားခါး ၄ ဒီဂရီစင်တီဂရိတ်<br>ဟဲဟိုး ၅ ဒီဂရီစင်တီဂရိတ် | မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် ညအပူချိန်များ ဆက်လက် လျော့နည်းနေမည်။ |

**မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောနောင် ဟောပြောဆွေးနွေးစဉ်။** (ကြေးမုံ)





## သီလရှင်စာသင်တိုက်သို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စန်းစန်းသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၂၉ ရက်တွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ခေမာရာမသီလရှင်စာသင်တိုက်သို့ သွားရောက်၍ သီလရှင်ဝတ်စုံချုပ်လုပ်ရန် ငွေကျပ် နှစ်သိန်းနှင့် ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများ တန်ဖိုးငွေကျပ် တစ်သိန်းခန့်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

## KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ငလောက်တက်ကျေးရွာနေ ကရင်လူမျိုး နော်လေးသူမူး (၂၆)နှစ်သည် မြွေတော်ရွာသို့ အလည်အပတ်သွားရောက်ပြီး ၎င်းရွာမှ တစ်ဆင့် ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်စဉ် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မြွေတော်ရွာ၏ မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ညာခြေချင်းဝတ်မှ ပြတ်ဒဏ်ရာ ရရှိခဲ့သဖြင့် တာဝန်ရှိသူတို့ကကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသော မောင်ဒဂေါင်အဗျာဟန်အား တွေ့ရစဉ်။** (သတင်းစဉ်)

## KIA အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် နောင်ရာနယ်မြေ၌ KIA အဖွဲ့က ထောင်ထားသော မိုင်းပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ယင်းနယ်မြေရှိ မနောကွင်းလမ်းဆုံအလယ် နတ်ကျော့ကွင်းခြံစည်းရိုး၏ အရှေ့ဘက် ပေ ၃၀ ခန့်အကွာနေရာ၌ KIA အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးပေါက်ကွဲခဲ့ရာ ယင်းပေါက်ကွဲမှုကြောင့် တက္ကသိုလ်လမ်းမကြီးပေါ်၌ ဆိုင်ကယ်စီးနင်းသွားသော နဝမတန်းကျောင်းသား မောင်ဒဂေါင်အဗျာဟန်မှာ ယာနားထင်ပေါက်ပြဲနှင့် ဝဲနားထင်ဖူးရောင်ဒဏ်ရာ ရရှိသေဆုံးခဲ့ကြောင်း။

အလားတူ ၎င်းနေ့ ည ၇ နာရီ ၅၁ မိနစ်ခန့်တွင် အထက်ပါ ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာနှင့် ပေ ၂၀၀ ခန့်အကွာ နတ်ကျော့ကွင်းလမ်းဘေး၌ မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့ပြီး လမ်းတစ်ဖက်ရှိ နေအိမ်၌ ထိုင်နေသော ဦးတင့်နိုင်ဝင်း (၃၁-နှစ်)မှာ ယာဘက်နံစောင်းမှ မိုင်းစဖောက်ဝင်ဒဏ်ရာရရှိကာ သေဆုံးခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြစ်ကြီးနား အမှတ်(၁)ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အတည်ပြုချိန် - ၁း၅၅

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Cai Hou နှင့် တွေ့ဆုံ



ရင်းရင်းနှီးနှီးနှုတ်ဆက်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Cai Hou ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၃၀

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Cai Hou နှင့် နိုဝင်ဘာ ၂၉ ရက် ညနေ ၅ နာရီတွင် Diao Yu Tai အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Cai Hou နှင့်အတူ ဒုတိယစစ်ဦးစီးအရာရှိချုပ် Gen. Ma Xiatian၊ ဒုတိယနိုင်ငံရေးဌာန ဌာနမှူး Gen. Jia Tin Auig၊ စစ်ဆင်ရေး ညွှန်ကြားရေးမှူးချုပ် Maj. Gen. Baijing Jun၊ နိုင်ငံခြားဆက်ဆံရေး ညွှန်ကြားရေးမှူးချုပ် Maj. Gen. Qinli Hua၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် သတင်းစာဒါရိုက်တာ Maj. Gen. Huan Gou Zhu၊ စစ်လက်နက်တပ်ဆင်ရေးဌာနနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Maj. Gen. Shan Guan Hui၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col Xiong Shao Wei တို့ တက်ရောက်ကြသည်။

ယင်းနောက် ကျောက်ရှိထိုင်ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ညစာမသုံးဆောင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ဦးအောင်သောင်း၊ ဦးသိန်းဇော်၊ ဦးအောင်မင်းတို့နှင့် KIO အဖွဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

## အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးအရ ဆွေးနွေးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် ညှိနှိုင်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ ရေပူစမ်းဟိုတယ်၌ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဦးသိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ ဦးဆောင်သောအဖွဲ့နှင့် ကချင်ပြည်နယ်မှ KIO အဖွဲ့ဥက္ကဋ္ဌ ဦးဇောင်းဟရား ဦးဆောင်သော ဗဟိုကော်မတီဝင် (၆)ဦးတို့သည် ဒေသတွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။



### ညှိနှိုင်းခဲ့

တွေ့ဆုံဆွေးနွေးပွဲတွင် ဦးအောင်သောင်း ဦးဆောင်သောအဖွဲ့နှင့် KIO အဖွဲ့တို့သည် ပထမအဆင့် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးအရ ဆွေးနွေးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားရန် ညှိနှိုင်းခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်ဖက်အဖွဲ့တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ ဦးဆောင်သောအဖွဲ့နှင့် ကချင်ပြည်နယ်မှ KIO အဖွဲ့ဥက္ကဋ္ဌ ဦးဇောင်းဟရား ဦးဆောင်သောအဖွဲ့တို့ ဒေသတွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးကြစဉ်။**
(သတင်းစဉ်)



**အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းနှင့် အဖွဲ့နှင့် KIO အဖွဲ့ဥက္ကဋ္ဌ ဦးဇောင်းဟရားနှင့် အဖွဲ့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)



(1-12)20.pmd 1 12/1/2011, 5:07 AM